**အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊**

**အလုပ်သမားဌာန။**

**(၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ(ပြင်ဆင်ချက်))**

အမှတ် ၁၃၈

၁၃၂၆ ခု၊ နတ်တော်လပြည့်ကျော် ၉ ရက်။

(၁၉၆၄ ခု၊ ဒီဇင်ဘာလ ၂၈ ရက်။)

**အမှတ် ၁၃၈**။ ။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေပုဒ်မ ၁၄ အရ၊ အစိုးရသည်၊ အဆိုပါဥပဒေ၏ပုဒ်မ ၁၂ အရ၊ ပြုလုပ်ထားသည့် နည်းဥပဒေအဖြစ် မှတ်ယူရသည့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေတွင် အောက်ပါ ပြင်ဆင်ချက်ကို ပြုလိုက်သည်။

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင်-

| | | |
|---|---|---|
| "တောင်သူလယ်သမားနေ့ | .... | တရက်။ |
| လွတ်လပ်ရေးနေ့ | .... | တရက်။ |
| တပေါင်းလပြည့်နေ့ | .... | တရက်။ |
| မဟာသင်္ကြန်တော် | .... | သုံးရက်။ |
| မြန်မာနိုင်ငံတော် နှစ်ဆန်းတရက်နေ့ | .... | တရက်။ |
| အလုပ်သမားနေ့ | .... | တရက်။ |
| ကဆုန်လပြည့်နေ့ | .... | တရက်။ |
| တော်လှန်ရေးနေ့ | .... | တရက်။ |
| ဝါဆိုလပြည့်နေ့ | .... | တရက်။ |
| ခေါင်းဆောင်ကြီးများကျဆုံးသောနေ့ | .... | တရက်။ |
| သီတင်းကျွတ်လပြည့်နေ့ | .... | တရက်။ |

| | | |
|---|---|---|
| တန်ဆောင်မုန်းလပြည့်နေ့ | .... | တရက်။ |
| အမျိုးသားအောင်ပွဲနေ့ | .... | တရက်။” |

ဆိုသည့်စကားရပ်များအစား၊ “ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ” ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

အမိန့်အရ၊

ဒု-ဗိုလ်မှူးကြီးထွန်းတင်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊

အလုပ်သမားဌာန။